INTERNATIONAL CRISIS GROUP

**အာရှအစီရင်ခံစာ** 188

ဘန်ကောက်/ဘရပ်ဆဲလ်၊ ၂၀၂၆ ခုနှစ် ဇွန်လ ၃ ရက်

**International Crisis Group** www.crisisgroup.org

**အစီရင်ခံစာအနှစ်ချုပ်**

# မြန်မာ့အုပ်ချုပ်ရေးယန္တရားသစ် - အသွင်ကူးပြောင်းမှုမဟုတ်ဘဲ စစ်အာဏာကို ပိုမိုခိုင်မာအောင် တည်ဆောက်ခြင်း

**အကြောင်းအရာအသစ်က ဘာလဲ။** စနစ်တကျ ကြိုတင်စီမံထားသည့် ရွေးကောက်ပွဲများမှတစ်ဆင့် တက်လာသည့် အုပ်ချုပ်ရေးယန္တရားအသစ် မြန်မာနိုင်ငံတွင် ပေါ်ထွန်းလာခဲ့ပြီဖြစ်ပြီး အာဏာသိမ်းစစ်ခေါင်းဆောင် ဦးမင်းအောင်လှိုင်က သမ္မတရာထူး ရယူထားသည်။ အရပ်သားအုပ်ချုပ်မှုယန္တရားအဖြစ် ဟန်ပြမျက်နှာဖုံး တပ်ဆင်ထားသော်လည်း စစ်တပ်၏ အာဏာချုပ်ကိုင်မှုသည် မြဲမြံစွာတည်ရှိနေဆဲဖြစ်သည်။ တရုတ်နိုင်ငံ၏ ထောက်ခံမှုကြောင့် အာဏာသိမ်းစစ်တပ်သည် သံတမန်ရေးနှင့် စစ်ရေးမျက်နှာစာနှစ်ခုလုံးတွင် အခြေအနေကောင်းများ ရရှိလာသည်။ သို့သော် ထိုအုပ်ချုပ်ရေးယန္တရားသစ်သည် နိုင်ငံရေးအရ တရားဝင်မှုမရှိသည့်အပြင် စီးပွားရေး ကျဆင်းမှုများကြောင့် မြန်မာနိုင်ငံအတွင်းက ပဋိပက္ခသည် သက်ဆိုးရှည်နေဆဲဖြစ်သည်။

**ဘာကြောင့်ဒီအကြောင်းအရာက အရေးပါသလဲ။** မြန်မာနိုင်ငံအတွင်းက မတည်ငြိမ်မှုအကျိုးဆက်သည် အိမ်နီးချင်းနိုင်ငံများကိုပါ ရိုက်ခတ်နေသည်။ နိုင်ငံရေးမတည်ငြိမ်မှုနှင့် စီးပွားရေးကျဆင်းမှုတို့ကြောင့် အွန်လိုင်းငွေလိမ်စင်တာများပေါ်များလာခြင်း၊ မူးယစ်ဆေးဝါးထုတ်လုပ်မှု၊ ဥပဒေပြင်ပ ငွေကြေးစီးဆင်းမှု၊ လူကုန်ကူးမှုစသည့် စနစ်တကျကြံစည်ကျူးလွန်သည့် ရာဇဝတ်မှုများ ထူပြောလာပြီး အန္တရာယ်များသော နယ်စပ်ဖြတ်ကျော် လုပ်သားရွှေ့ပြောင်းမှုလည်း မြင့်တက်လာသည်။ တစ်ချိန်တည်းမှာပင် မရှိမဖြစ်လိုအပ်သော တရုတ်နိုင်ငံ၏ ပံ့ပိုးကူညီမှုက နေပြည်တော်ကို ဘေဂျင်း၏ ဩဇာလွှမ်းမိုးမှုစက်ဝန်းအတွင်းသို့ ပိုမိုဆွဲသွင်းလျက်ရှိသည်။

**ဘာတွေဆောင်ရွက်သင့်သလဲ။** နိုင်ငံတကာအစိုးရများအနေဖြင့် မြန်မာ့အရေးကို ဦးစားပေးလုပ်ငန်းစဉ်တစ်ခုအဖြစ် သတ်မှတ်သင့်ပြီး အရေးယူပိတ်ဆို့မှုများဆက်လက်ထားရှိသင့်ကာ နေပြည်တော်နှင့် ထိတွေ့ဆက်ဆံမှုမှန်သမျှကို သတိကြီးစွာ ချင့်ချိန်တွက်ဆသင့်ပါသည်။ အရေးကြီးသော လုပ်ငန်းစဉ်များတွင် လူသားချင်းစာနာမှု အကူအညီများ ပေးပို့နိုင်ရေး ညှိနှိုင်းခြင်း၊ အစိုးရမဟုတ်သော လမ်းကြောင်းများအပါအဝင် နည်းလမ်းပေါင်းစုံဖြင့် အသက်မွေးမှုအစီအစဉ်များ တိုးချဲ့ခြင်း၊ အရပ်ဘက်အဖွဲ့အစည်းများကို ကူညီခြင်း၊ နယ်စပ်ဖြတ်ကျော် ရာဇဝတ်မှုများကို ဖြေရှင်းခြင်းနှင့် အရေးပါသော တွင်းထွက်သယံဇာတ ထောက်ပံ့ရေးကွင်းဆက်များအတွင်း နောက်ဆက်တွဲဖြစ်လာနိုင်သည့် ဘေးအန္တရာယ်များအတွက် အဖြေရှာခြင်းတို့ ပါဝင်သည်။

---

တင်းတင်းကျပ်ကျပ် ထိန်းချုပ်၍ ကျင်းပခဲ့သော ရွေးကောက်ပွဲများမှတစ်ဆင့် စစ်တပ်၏ အရပ်သားအမည်ခံ အုပ်ချုပ်ရေးယန္တရားတစ်ရပ် နေပြည်တော်တွင် စတင်အသက်ဝင်နေပြီဖြစ်သည်။ လက်ရှိ နိုင်ငံရေးအကျပ်အတည်း၏ ဇစ်မြစ်အကြောင်းအရင်းများကို ဖြေ

PREVENTING WAR. SHAPING PEACE.

ရှင်းခြင်းမပြုဘဲ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေဘောင် အတွင်း စစ်တပ်က ၎င်း၏ အာဏာကို အခိုင်အမာ တည်ဆောက်နေခြင်းပင်ဖြစ်သည်။ အများပြည်သူမ နှစ်မြို့သော စစ်မှုမထမ်းမနေရစနစ် ကျင့်သုံးမှုနှင့်အတူ တရုတ်ပြည်၏ ဆတိုးထောက်ပံ့မှုကြောင့် စစ်တပ်သည် စစ်မြေပြင်အရှုံးများကို ရပ်တန့်နိုင်ခဲ့ပြီး သံတမန်ရေးအရ အထီးကျန်မှုကို လျှော့ချနိုင်ခဲ့သည်။ သို့သော် ပြည်တွင်း နိုင်ငံရေးအကွဲအပြဲက နက်ရှိုင်းစွာ အမြစ်တွယ်နေဆဲ ဖြစ်ပြီး အရှေ့အလယ်ပိုင်းဒေသပဋိပက္ခ၏ စီးပွားရေး ရိုက်ခတ်မှုဒဏ်ကို ပြည်သူအများ အလူးအလဲ ခံစားနေ ရဆဲဖြစ်သည်။ မြန်မာနိုင်ငံ၏ ပဋိပက္ခဝဲဂယက်ကြောင့် ဖြစ်ပေါ်လာသော နောက်ဆက်တွဲဆိုးကျိုးများသည် အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများသို့ပါ ပိုမိုကူးစက် ပျံ့နှံ့ နေသည်။ ထိုဆိုးကျိုးများတွင် တစ်ကမ္ဘာလုံးကို ထိခိုက် စေသည့် အွန်လိုင်းငွေကြေးလိမ်လည်မှုများ၊ မူးယစ် ဆေးဝါးထုတ်လုပ်မှုများ၊ တရားမဝင် ငွေကြေးစီးဆင်းမှု နှင့် လူကုန်ကူးမှုတို့ အထင်အရှား ပါဝင်နေပေသည်။

ထိုတစ်လျှောက်လုံးတွင် နေပြည်တော်သည် ဘေဂျင်းနှင့် ပို၍နီးကပ်သွားသည်။ နိုင်ငံဖြတ်ကျော်ရိုက်ခတ်မှုများကို ချင့်ချိန်၍ နိုင်ငံတကာအစိုးရနှင့် အစိုးရမဟုတ်သည့် အဖွဲ့ အစည်းများအနေဖြင့် မြန်မာ့နိုင်ငံရေးအကျပ်အတည်းကို ဦးစားပေးဖြေရှင်းရန် ဆောင်ရွက်သင့်ပါသည်။ စစ်တပ်နှင့်ဆက်ဆံရာတွင် သတိကြီးကြီးထားသင့်ပြီး လူသားချင်း စာနာမှုအကူအညီများပေးအပ်ရေး၊ အသက်မွေးမှုအခွင့်အလမ်းများ ပေါများလာအောင် ဆောင်ရွက်ပေးရန်နှင့် အရပ်ဘက်အဖွဲ့အစည်းများကို ကူညီထောက်ပံ့ပေးရန် တို့ကို ဦးတည်ချက်များအဖြစ် အကောင်အထည်ဖော်သင့်ပါသည်။ နိုင်ငံတကာအစိုးရများ အနေဖြင့် နယ်စပ်ဖြတ် ကျော်ရာဇဝတ်မှုများကို တိုက်ဖျက်ခြင်းနှင့် ထိုရာဇဝတ်မှု များနှင့် ဆက်စပ်သည့် ဘဏ္ဍာရေးဆိုင်ရာ အန္တရာယ် များကို စီမံခန့်ခွဲခြင်းတို့တွင် ပူးပေါင်းဆောင်ရွက်သင့် ပါသည်။

ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်သည့် အရွေးကောက် ခံအစိုးရကို ဖြုတ်ချခဲ့သော ၂၀၂၁၊ ဖေဖော်ဝါရီ စစ် အာဏာသိမ်းမှုမှ ငါးနှစ်ကြာမြင့်လာချိန်တွင် အနှစ်သာရ အားဖြင့်မဟုတ်ဘဲ အသွင်သဏ္ဍာန်အရသာ အရပ်သား အစိုးရ အယောင်ဆောင်ထားသော အုပ်ချုပ်ရေး ယန္တရားတစ်ခုက နိုင်ငံတော်အာဏာကို ရယူထားသည်။ အာဏာသိမ်းစစ်ခေါင်းဆောင် ဦးမင်းအောင်လှိုင်က တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ရာထူးမှ အနားယူ ပြီး နိုင်ငံတော်သမ္မတ ရာထူးကို ရယူခဲ့သည်။ ဤသည် ကို ထောက်ရှုသော် ရွေးကောက်ပွဲများသည် နိုင်ငံရေး အသွင်ကူးပြောင်းမှု သို့မဟုတ် ပဋိပက္ခလျှော့ချရေး တို့ကို ဦးတည်သည်ထက် ဖိနှိပ်ရက်စက်သော စစ် အုပ်ချုပ်ရေးကို ပိုမိုခိုင်မာလာအောင် တည်ဆောက် ခြင်းသာဖြစ်သည်။ စစ်တပ်ကကြိုတင်ရေးဆွဲထားသော ဇာတ်ညွှန်းအတိုင်း ရွေးကောက်ပွဲရလဒ် ထွက်ပေါ်လာ သည်။ အဓိက အတိုက်အခံပါတီများကို ဖယ်ထုတ် ထားသည့်အပြင် နိုင်ငံအနှံ့အပြားတွင် ပြည်သူအများ အပြား မဲပေးခွင့်မရရှိခဲ့ကြသလို၊ နေရာအများစုတွင် လည်း အများပြည်သူကိုယ်တိုင်က မဲပေးရန် ဆန္ဒမရှိခဲ့ ကြပေ။ စစ်တပ်သည် ၎င်း၏ အုပ်ချုပ်မှုဆက်လက်တည် မြဲစေရန် အာဏာအခြေခံအုတ်မြစ်ကို လုပ်ထုံးလုပ်နည်း အရ ရွေးကောက်ပွဲများမှတစ်ဆင့် တည်ဆောက် နိုင်ခဲ့သော်လည်း အစိုးရတစ်ရပ်အဖြစ် တရားဝင် အသိအမှတ်ပြုခံရမှု ကင်းမဲ့နေဆဲဖြစ်ပြီး နိုင်ငံကကြုံတွေ့ နေရသည့် ပြည်တွင်းစစ်ကို ဖြေရှင်းနိုင်မည့် အခြေအနေ များလည်း ဖန်တီးနိုင်ခြင်း မရှိသေးပေ။ စစ်တပ်နှင့် လူ့ အသိုင်းအဝိုင်း (အထူးသဖြင့် လူငယ်မျိုးဆက်သစ် များ)အကြား နက်ရှိုင်းသော အကွဲအပြဲက ဆက်လက် တည်ရှိနေပြီး စစ်အာဏာသိမ်းမှုဆန့်ကျင်ရေးလှုပ်ရှားမှု မီးတောက်ကို ဆက်လက်လောင်ကျွမ်းစေသည့် နာ ကျည်းချက်များက အလွယ်တကူ ကုန်ဆုံးသွားဖွယ်မရှိ ပေ။

အာဏာသိမ်းမှုအလွန် စစ်တပ်၏ ကြီးမားသော စစ်ရေး ရှုံးနိမ့်မှုများကြောင့် အတွင်းလူများကပါ ၎င်း၏ဦးဆောင် မှုအရည်အသွေးကို ပြောင်ကျကျ မေးခွန်းထုတ်လာ ကြချိန်တွင် ဦးမင်းအောင်လှိုင်အတွက်မူ ဤရလဒ် သည် အောင်ပွဲတစ်ရပ် ဖြစ်ခဲ့ရပေမည်။ တရုတ်နိုင်ငံ၏ ထောက်ခံမှုဖြင့် သမ္မတရာထူးကို တပ်တွင်းကန့်ကွက် မှုမရှိဘဲ ရယူနိုင်ခဲ့ပြီး အဓိကကျသည့် ရာထူးများတွင် လူယုံများကို ခန့်အပ်၍ ၎င်း၏အစီအစဉ်များကို အခြေမ ပျက် အကောင်အထည်ဖော်နိုင်ခဲ့သည်။ လက်ရှိကာလကို အောင်မြင်မှုတစ်ခုဟု သတ်မှတ်ရမည့်အစား ပို၍စိုးရိမ်ရ

PREVENTING WAR. SHAPING PEACE.

သော အခြေအနေတစ်ရပ်အဖြစ် ရှုမြင်နိုင်သည်။ အရှေ့
အလယ်ပိုင်းဒေသက စစ်ပွဲကြောင့် တရိပ်ရိပ်ဆိုးရွား
လာသည့် စီးပွားရေးအကျပ်အတည်းသည် အုပ်ချုပ်
ရေးယန္တရားသစ်အတွက် စိန်ခေါ်မှုတစ်ရပ်ဖြစ်လာ
သည်။ အာဏာသိမ်းမှုနှင့် ၎င်း၏နောက်ဆက်တွဲဆိုး
ကျိုးများကြောင့် တိုင်းပြည်၏ စီးပွားရေးသည် ပြင်ပ
ရိုက်ခတ်မှုဒဏ်ကို လွယ်လွယ်ကူကူ ခံရနိုင်လောက်
သည်အထိ ထိခိုက်ပျက်စီးသွားခဲ့သည်။ စားဝတ်နေ
ရေး လွန်စွာကျပ်တည်းမှုကြောင့် ၁၉၈၈နှင့် ၂၀၁၇တို့
တွင် ပေါ်ပေါက်ခဲ့သည့် လူထုအုံကြွမှုမျိုးဖြစ်ပေါ်လာနိုင်
သည့် အခြေအနေကိုမူ နေပြည်တော်က စိုးရိမ်ကြီးစွာ
စောင့်ကြည့်နေလိမ့်မည်။ မြို့ပြဒေသများတွင် မရှိမဖြစ်
ကုန်စည်များအား သင့်တင့်သော ဈေးနှုန်းဖြင့် ပြည်သူ
အများ ရောင်းဝယ်ဖောက်ကားနိုင်ရန် အာဏာပိုင်များ
က ကြိုးပမ်းလိမ့်မည်။ သို့သော် ၎င်းတို့၏ ဈေးကွက်ကို
ထိန်းချုပ်နိုင်စွမ်းက အကန့်အသတ်ဖြင့်သာ ရှိနေသည်။
ထို့ကြောင့် ယခုပင် အကျပ်ဆိုက်နေသော ပြည်သူလူထု
အပေါ် ကျရောက်သည့် ဝန်ထုတ်ဝန်ပိုးက ပိုမိုကြီးမားလာ
သည်။

စစ်ရေးအရဆိုလျှင် ရှေ့တန်းစစ်မြေပြင်များတွင်
အတိုင်းအတာတစ်ခုအထိ တည်ငြိမ်မှုရှိလာသည်။
သို့သော် စစ်မီးလျှံများက ငြိမ်းသတ်သွားသည်တော့
မဟုတ်ပေ။ ၂၀၂၃-၂၀၂၄ခုနှစ်များတွင် နယ်မြေများဆုံးရှုံး
ရပြီးနောက် စစ်တပ်သည် အောင်ပွဲတစ်ချို့ပြန်လည်ရရှိ
လာသည်။ ထိုအောင်ပွဲများ ရရှိခြင်းမှာ စစ်မှုထမ်းစနစ်
ကျင့်သုံးခြင်းနှင့် အဆင့်မြင့်သည့် ဒရုန်းများကို တိုက်ပွဲ
များတွင် ပို၍အသုံးပြုလာခြင်းတို့ကြောင့်ဖြစ်သည့်အပြင်
အဓိကအကျဆုံးက တရုတ်၏ အကူအညီရရှိခြင်းကြော
င့်ဖြစ်သည်။ မြန်မာပြည်မြောက်ပိုင်းက အင်အားကြီး
တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများနှင့် အပစ်
ရပ်ဆွေးနွေးပွဲများကို ဘေဂျင်းက ကြားဝင်စေ့စပ်ညှိနှိုင်း
ပေးခဲ့ရာ စစ်တပ်အပေါ် စစ်ရေးဖိအားများ လျော့ကျသွား
သည်။ ထိုစဉ် စစ်တပ်က အခြားဒေသများသို့ တပ်များ
စေလွှတ်ခဲ့ရာ ဆုံးရှုံးနယ်မြေများကို ပြန်လည်သိမ်းပိုက်
နိုင်ခဲ့သည်။ ယခင်စစ်မြေပြင်အရှုံးများကို ပြောင်းပြန်လှန်
နိုင်ခဲ့သော်လည်း ပြန်လည်သိမ်းပိုက်သည့် ပမာဏသည်
အာဏာသိမ်းမှုမတိုင်ခင်က ထိန်းချုပ်ခဲ့သည့် နယ်မြေ
အကျယ်အဝန်းအထိတော့ မဟုတ်ပေ။ စစ်တပ်သည်
အာရက္ခတပ်တော်နှင့် ကချင်လွတ်လပ်ရေးအဖွဲ့တို့ကဲ့သို့
စစ်ရေးအတွေ့အကြုံပြည့်ဝပြီး ဘဏ္ဍာငွေအင်အားတော
င့်တင်းသည့် လက်နက်ကိုင် အဖွဲ့အစည်းများကို ရင်ဆိုင်
ရာတွင် ရုန်းကန်နေရဆဲဖြစ်သည်။

နိုင်ငံတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းမည့် အခြေအနေ
တစ်ရပ်က ဝေးကွာနေဆဲဖြစ်သည်။ စစ်တပ်သည် နိုင်ငံ
အတွင်း အဓိကကျသည့် လက်နက်ကိုင်အဖွဲ့အစည်းများ
နှင့် မဟာဗျူဟာမြောက် အပစ်အခတ်ရပ်စဲမှု သဘောတူ
ညီချက်များ ရယူနိုင်သော်လည်း ထိုအပစ်ရပ်မှုများသည်
ရေရှည်တည်တံ့သည့် ငြိမ်းချမ်းမှုကို ဆောင်ကြဉ်းပေး
ဖွယ်မရှိပေ။ စစ်တပ် ထိပ်ပိုင်းခေါင်းဆောင်များတွင်
အပေးအယူ၊ အလျှော့အတင်းအတွက် စိတ်ဆန္ဒမရှိရာ
ပိုမိုကျယ်ပြန့်သော နိုင်ငံရေးဆွေးနွေးပွဲများ ပေါ်ပေါက်နိုင်
ဖွယ် မရှိပါ။ တစ်ချိန်တည်းတွင် အတိုက်အခံအဖွဲ့အစည်း
များ - အထူးသဖြင့် ၂၀၂၁ အာဏာသိမ်းမှုတွင် ဖြုတ်
ချခံခဲ့ရသည့် လွှတ်တော်အမတ်များဖြင့် ဖွဲ့စည်းထား
သော အမျိုးသားညီညွတ်ရေးအစိုးရအနေဖြင့် နိုင်ငံရေး
အရ နာကျည်းချက်များနှင့် စီးပွားရေးကျပ်တည်းမှုများ
ကို အပြောင်းအလဲအတွက် ရေရှည်ဖိအားတစ်ခုဖြစ်လာ
အောင် တွန်းအားပေးနိုင်မည့် စုစည်းမှုနှင့် အမြော်အမြင်
မျိုးရှိကြောင်း ပြသနိုင်ခြင်းမရှိသေးပေ။

ဤအခြေအနေမျိုးနှင့် ကမ္ဘာ့အခြားအရပ်များက
အကျပ်အတည်းများကြောင့် မြန်မာ့အရေးအပေါ်
နိုင်ငံတကာအသိုင်းအဝိုင်း၏ အာရုံစိုက်မှု ပို၍ကျဆင်း
လာနေသည်။ အနောက်နိုင်ငံများသည် စစ်တပ်ထိပ်
ပိုင်းခေါင်းဆောင်များနှင့် ၎င်းတို့နှင့်ဆက်နွှယ်နေသည့်
စီးပွားရေးလုပ်ငန်းများအား ပစ်မှတ်ထားသည့် အရေးယူ
ဒဏ်ခတ်ပိတ်ဆို့မှုများကို ဆက်လက်ချမှတ်ထားဆဲ
ဖြစ်သည်။ သို့သော် သံတမန်ရေးအရ ကျယ်ပြန့်သော
မဟာဗျူဟာတစ်ရပ် ၎င်းတို့တွင် လက်ဆုပ်လက်ကိုင်
ပြစရာ မရှိပေ။ နိုင်ငံခြားအစိုးရများအနေဖြင့် မြန်မာ
ပြည်သူတို့၏ ဒုက္ခအကျပ်အတည်းကို မျက်ခြည်မပြတ်
စောင့်ကြည့်သင့်သည်။ အဘယ်ကြောင့်ဆိုသော် မြန်မာ
ပြည်အတွင်းက မတည်ငြိမ်မှုသည် စနစ်တကျ ကြံစည်
ကျူးလွန်သည့် ရာဇဝတ်မှုခင်းများ ကျယ်ပြန့်လာခြင်း၊
ငွေလိမ်ဂိုဏ်းများနှင့် ဆက်စပ်သည့် တရားမဝင်ငွေ

PREVENTING WAR. SHAPING PEACE.

ကြေးစီးဆင်းမှုနှင့် လူကုန်ကူးမှုများ၊ နယ်စပ်ဖြတ်ကျော် လုပ်သားရွှေ့ပြောင်းမှုနှင့်အတူ ပါလာသည့် ခေါင်းပုံဖြတ်မှုများ မြင့်တက်လာခြင်းနှင့် အရေးပါသော တွင်းထွက်သယံဇာတ ထောက်ပံ့ရေးကွင်းဆက်များအပေါ်အန္တရာယ်ရှိလာခြင်း အစရှိသည့် နယ်စပ်ဖြတ်ကျော်ရိုက်ခတ်မှုများကို ပိုမိုဖြစ်ပေါ်စေ၍ဖြစ်သည်။ နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် လက်တွေ့ကျသည့် ရည်မှန်းချက်များ ချမှတ်ထားရှိမှသာ မြန်မာ့အကျပ်အတည်းကို ဖြေရှင်းရာတွင် ပိုမိုထိရောက်စွာ ချဉ်းကပ်နိုင်မည်ဖြစ်သည်။ ထိုလက်တွေ့ကျသည့် ရည်မှန်းချက်များတွင် နေပြည်တော်နှင့် ထိတွေ့ဆက်ဆံမှုမှန်သမျှသည် (စစ်တပ်အား) မထိုက်တန်ဘဲ နိုင်ငံရေးအရ တရားဝင်မှု ပေးအပ်မိခြင်းမျိုး မဖြစ်စေရန်အတွက် ကြိုတင်တွက်ဆထားပြီး ကိစ္စရပ်တစ်ခုချင်းအလိုက် ကန့်သတ်ထားသော ထိတွေ့မှုသာဖြစ်စေရန် အာမခံခြင်း ပါဝင်သည်။ ထို့ပြင် လူသားချင်းစာနာမှုအကူအညီ၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ စီမံချက်များနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများအတွက် ရန်ပုံငွေ တိုးမြှင့်ပံ့ပိုးရန် လိုအပ်ပြီး၊ နယ်စပ်ဖြတ်ကျော် ရာဇဝတ်မှုများ တိုက်ဖျက်ရေးတွင် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ခြင်းနှင့် အရေးပါသော တွင်းထွက် သယံဇာတ ထောက်ပံ့ရေးကွင်းဆက်များနှင့် ဆက်စပ်နေသည့် ဘေးအန္တရာယ်များကို စီမံခန့်ခွဲခြင်းတို့ကိုလည်း ဆောင်ရွက်ရမည်ဖြစ်သည်။ နိုင်ငံတကာအစိုးရများသည် မူဝါဒများကို အကောင်အထည်ဖော်ရာတွင် ၎င်းတို့အချင်းချင်းအကြား ယခင်ကထက် ပိုမိုနီးကပ်စွာ ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်သည်။ ထိုသို့ဆောင်ရွက်ရာတွင် ဖြစ်နိုင်ခြေရှိသည့်အခါတိုင်း တရုတ်နိုင်ငံနှင့် လက်တွေ့ကျကျ ထိတွေ့ဆက်ဆံသင့်ပါသည်။

**ဘန်ကောက်/ဘရပ်ဆဲလ်၊ ၂၀၂၆ ခုနှစ် ဇွန်လ ၃ ရက်**

PREVENTING WAR. SHAPING PEACE.